အကြီးမားဆုံးဂျိဟာဒ်(သက်စွန့်ကြိုးပမ်းအားထုတ်မှု)တစ်ခုမှာ မတရားသော

အုပ်စိုးသူဘုရင်ထံ မှန်ကန်တရားမျှတသောစကားကို

ပြောဆိုခြင်းဖြစ်သည်။

အဗူစအီးဒ် အလ်ခုဒ်ရီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အကြီးမားဆုံးဂျိဟာဒ်(သက်စွန့်ကြိုးပမ်းအားထုတ်မှု)တစ်ခုမှာ မတရားသော အုပ်စိုးသူဘုရင်ထံ
မှန်ကန်တရားမျှတသောစကားကို ပြောဆိုခြင်းဖြစ်သည်။
[حسن لغيره] [رواه أبو داود والترمذي وابن ماجه وأحمد]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က အလ္လာဟ်အရှင်မြတ်၏လမ်းတွင်ဂျိဟာဒ်ပြုခြင်း၏ အကြီးမြတ်ဆုံးနှင့် အကျိုးအများဆုံးသော အမျိုးအစားမှာ မတရားသောအုပ်စိုးသူအား တရားမျှတမှုနှင့် အမှန်တရားအတွက် ပြောဆိုခြင်းဖြစ်သည်ဟုမိန့်ကြားတော်မူခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ကောင်းရာညွှန်ကြားခြင်းနှင့်မကောင်းသောအမှုမှ တားမြစ်ခြင်း၏ ကြီးကျယ်သည့် အထိမ်းအမှတ် (လုပ်ရပ်)ကိုလုပ်ဆောင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ၎င်းကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊လုပ်ရပ်ဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ ပြုလုပ်နိုင်ပြီးထိုသို့ပြုလုပ်ခြင်းဖြင့် အကျိုး ကျေးဇူးရရှိနိုင်ကာမကောင်းမှုဒဏ်(ဆုပ်ယုတ်ပျက်စီးခြင်း)မှ ကာကွယ်လွတ်မြောက်နိုင်သည်။

https://sunnah.global/hadeeth/my/show/3045